ဓမ္မသံတော်ဆင့်စာပေ



မောင်ရေစက်

၏

# ပြည်ခိုင်ဖြိုး ပါတီ ဥက္ကဋ္ဌ သို့ အိတ်ဖွင့်ပေးစာများ



ဗဟိုကော်မတီနှင့်
တွေ့ဆုံခြင်းများ

# ပို့စ်မော်ဒန်အမှာစာ



မှတ်တမ်း (၁)

ယခုစာအုပ် - စာမျက်နှာ ၃၂၊ ၃၃။ ။ ကျွန်တော်တို့အနေနဲ့ ရဲသတင်းပေးဖြစ်မှန်းမသိခင်၊ (ယခင်) ထောက်လှမ်းရေးသတင်းပေးဖြစ်မှန်းမသိ၊ တစ်ပွဲစားဖြစ်မှန်းမသိ ဖြစ်လာပါသည်။ ကျွန်တော်တို့ဟာ အလုပ် လက်မဲ့များသာ ဖြစ်ပါတယ်။ အတွင်းရေးမှူးဟောင်း၊ တစ်ဦး (စီမံ- ၁ သတင်းစာ -၈)

ယခုစာအုပ် - စာမျက်နှာ ၃၅။ ။ ဥက္ကဋ္ဌကြီးခင်ဗျာ့ .. “ မင်းမှာသစ္စာ၊ လူမှာ ကတိ” ဆိုသည့် စကားသည် အောက်ခြေက ပြည်ခိုင်ဖြိုးအဖွဲ့များတွင် လွှန်စွာငတ်မွတ်ခဲ့ကြပါတယ်။ အရာရာကို စည်းရုံး ရေးအမြင်အကြောင်းပြ ဖုံးဖိခဲ့ကြပါတယ်။

ယခုစာအုပ် - စာမျက်နှာ ၃၇။ ။ ဥက္ကဋ္ဌကြီးခင်ဗျား ...
မကြာမီကျင်းပတော့မည့် ပါတီညီလာခံကြီး သည် ၂၀၁၀ ရွေးကောက်ပွဲအနိုင်ရ (အာဏာရ)ပါတီကြီး၏ ပထမဆုံးပါတီတွင်း ဒီမိုကရေစီစနစ်ကို ရဲရဲ ဝံ့ဝံ့ ၊ ပြတ်ပြတ်သားသား ပြသမည့်ပွဲ၊ တစ်နည်းအားဖြင့် မမှန်မကန်လုပ် နေကြသော လူနည်းစုကို ဖယ်ရှား၍ လွတ်လပ်၍ တရားမျှတသော၊ ညီမျှသော ပါတီတွင်းအများစုဆန္ဒကို ဘက်မလိုက် ဦးတည်ဆုံးဖြတ် အတည်ပြုမည့် ပြည်ခိုင်ဖြိုး အနှစ်(၂၀)ခရီး သမိုင်းတရားခံအဖြစ် စုံနစ်မခံနိုင်ကြောင်း အခိုင်အမာပြသမည့် ကေသရာဇာ ခြင်္သေ့စိတ်ဓာတ်အတည်ပြုပွဲဟု ဆိုနိုင်ပါသည်။

(မှတ်ချက် ။ ။ အဆိုပါ ညီလာခံတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ဇောက်ထိုး လွှင့်၍ ဖွင့်ပွဲဆင်နွှဲခဲ့ပြီး လက်ရှိသမ္မတကို ဥက္ကဋ္ဌအဖြစ်ပြန်လည်တင်မြှောက်ခဲ့ကြပါသည်။ ယခုအမှာစာ ရေးသူသည် အဆိုပါသတင်းကို ဖော်ပြပြီးနောက် အယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်နေသော သတင်းစာစောင်၏ ငွေကြေးစိုက်ထုတ်သူနှင့် ပြဿနာဖြစ်ပေါ်ကာ နှုတ်ထွက်ခဲ့ပါသည်။)

ယခုစာအုပ် စာမျက်နှာ ၄၂ ။ ။ ပြည်သူအများ မယုံကြည်၊ လက်မခံနိုင်သူများလည်း သမိုင်း မကောင်းနိုင်ပါ။

ယခုစာအုပ် စာမျက်နှာ ၅၂ ။ ။ အခန်းကျဉ်းလေးထဲမှာပိတ်ပြီးတော့ ဒါဒါပဲဟိုဒင်းဖြစ်တယ်။ မင်း တို့သဘောတူလားဆိုတော့ ကျွန်တော်တို့ ဘာဆက်ပြောရမလဲ။ .... အဓိက အချက်ကတော့ ပွင့်လင်း မြင်သာမှုမရှိတာရယ်။ ဒီမိုကရေစီ ဗဟိုဦးစီးစနစ်ဆိုတာရယ်။ အဲဒါကို သဘောမကျတာ။

ယခုစာအုပ် စာမျက်နှာ ၁၂၅ ။ ။ လွှတ်တော်သို့ ပြည်ခိုင်ဖြိုးပါတီ ဩဇာသုံးလွှမ်းမိုး၊ ဗဟိုချုပ်ကိုင် ၍ အဆိုမေးခွန်းများ ကန့်သတ်လာ။

မှတ်တမ်း (၂)

မြန်မာသံတော်ဆင့်အတွဲ (၁)၊ အမှတ် (၃၇)။ ။
ရခိုင်အရေးသမ္မတကြီးနှင့်တွေ့ဆုံရာတွင် သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဟန့်တား ပိတ်ပင်မှုများရှိခဲ့ကြောင်း အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်နာယကချုပ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တ သုစိတ္တာဘိဝံသက မိန့်ကြားခဲ့။

မြန်မာသံတော်ဆင့်အတွဲ(၁)၊ အမှတ် (၄၀)။ ။
သာသနာရေးဝန်ကြီးဌာနအပေါ် မြန်မာသံတော် ဆင့်၏ သတင်းရေးသားမှုများအတွက် သာသနာရေးဝန်ကြီးဌာနက စာနယ်ဇင်းကောင်စီသို့ ဥပဒေအရ အရေးယူပေးပါရန် လီဆယ်ရေးသားပေးပို့။

မြန်မာပို့(စ်)အတွဲ (၄၁)၊ အမှတ် (၄၇)။ ။ အရှင်ဘုရား မနေ့က(၂၀၁၂ - နိုဝင်ဘာ ၃၀)ရက် ဆန္ဒ ပြပွဲကို ဦးဆောင်တဲ့အတွက် သက်ဆိုင်ရာက ခေါ်တယ်လို့ သိရပါတယ်ဘုရား။ အဲဒါနဲ့ပတ်သက်ပြီး နည်းနည်းလောက်ပြောပြပေးပါ ဘုရား။

မင်းမဲ့စရိုက်ဆန်ဆန် ခေါ်ယူစစ်မေး ခံခဲ့ရသည့် မကွေးဆရာတော် -

ဒီနေ့မွန်းလွဲ သုံးနာရီခွဲလောက်မှာပါ။ ရန်ကင်းဈေးကွေ့နားမှာ ယာဉ်ထိန်းရဲကတားပြီးတော့ သော့ ကို လုတယ်။ သော့ကိုလုပြီးတော့ မောင်းပြီး ကမ္ဘာအေးကိုခေါ်သွားတာ။ ခေါ်သွားတာ ရဲမပါဘူး။ ယာဉ်ထိန်းရဲက ခေါ်သွားတာ။

မှတ်တမ်း (၃)

အစိုးရပိုင်သတင်းစာများ၊ ၂၀၁၃၊ ဇန်နဝါရီ ၁၈ ။ ။
ယနေ့အစည်းအဝေးတွင် ကမာရွတ်မဲဆန္ဒနယ် မှ ဒေါက်တာစိုးရင် (မှတ်ချက် ။ ။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ လွှတ်တော်ကိုယ်စားလှယ်) က အရေးကြီးအဆိုတစ်ရပ်ကို တင်သွင်းခဲ့ရာ ယင်းအဆိုပါအတိုင်း ဆောင်ရွက်ရန် ထောက်ခံ ဆန္ဒမဲများသည့်အတွက် အဆိုတွင်ပါရှိသည့်အတိုင်း ကော်မရှင်ဖွဲ့စည်းဆောင်ရွက်၍ ပြည်ထောင်စုလွှတ်တော် သို့ ပြန်လည်တင်ပြရန်

လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

အဆိုပါအင်တာနက်တွင်ဖော်ပြထားသော Above The Law ခေါင်းစဉ်ပါ ဒေါက်တာဆိတ်ဖွား၏ ဝေဖန်ချက်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးအရေးယူနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်မှ ကော်မရှင် ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ရန်ဟူ၍ ဖြစ်သည်။

(မှတ်ချက် ။ ။ ဖော်ပြပါဝေဖန်ချက်တွင် ဥပဒေ၏ အထက်တွင် လွှတ်တော်ရှိသည်ဟု ရေးသား ထားပါသည်။ လွှတ်တော်များတွင် ကိုယ်စားလှယ်အများဆုံးနေရာရထားသည့် ပါတီမှာ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးပါတီဖြစ်ပါသည်။)

မှတ်တမ်း (၄)

မြန်မာသံတော်ဆင့် အတွဲ (၁)၊ အမှတ် (၄၅) ။ ။ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့၏ မြို့နယ်တရား သူကြီး ရုံးခန်းအတွင်း (၃၁-၁၂-၂၀၁၂)နေ့လည် ၂နာရီ ၁၅မိနစ်တွင် အမှတ် ၁/၂၀၁၂ ကြွေးမှုတရားလို ဦးမြင့်သိန်းနှင့် တရားပြိုင် ဦးစန်းခိုင်တို့၏ အမှုအားလာရောက် လိုက်ပါဆောင်ရွက်ရသော ရန်ကုန်မြို့မှ အထက်တန်းရှေ့နေ ဦးဇော်မျိုးအောင်၏ (ဟာဝေး -၈၆၅၅ ဖုန်းနံပါတ် ၀၉-၇၃၀၁၀၉၄၁) နှင့် နိုကီရာ ဖုန်းနံပါတ် ၀၉-၄၂၀၂၆၆၂၆) ဂျီအက်စ်အမ် ဖုန်းနှစ်လုံးအား စားပွဲပေါ်တင်ထားပြီး အပြင်သို့ခဏထွက်ပြီး ပြန်ဝင်ရာ ရှာမတွေ့တော့ဘဲ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါရုံးခန်းအတွင်း ပျောက်ဆုံးသောဖုန်းနှစ်လုံးကို မြို့နယ်တရားသူကြီးပါ ကူညီရှာဖွေပေးခဲ့ သော်လည်း ပြန်မတွေ့တော့ကြောင်း ကာယကံရှင်များက မြန်မာသံတော်ဆင့်သို့ ပြောသည်။

မှတ်တမ်း (၅)

စာရေးသူ၏ ဖုန်း Record

ပြောသူ (၁)။ ဟယ်လို ဦးမျိုးညွန့်မောင်လား

ပြောသူ (၂)။ ဟုတ်ပါတယ်

ပြောသူ (၁)။ ကျွန်တော် xxxxx ဂျာနယ်က အင်တာဗျူးလေးလုပ်ချင်လို့ပါ

ပြောသူ (၂)။ ကျွန်တော် အခုက ဂျာနယ်ပြန်မလုပ်သေးပါဘူး။

ပြောသူ (၁)။ ဆရာအလုပ်ထွက်ရတဲ့ အကြောင်းအရင်းက ပြည်ခိုင်ဖြိုးပါတီ ညီလာခံမှာ အလံဓောက်ထိုး လွှင့်တဲ့ သတင်းကြောင့်ဆိုတာ ဟုတ်ပါသလား။

ပြောသူ (၂)။ ဒီကိစ္စဂျာနယ်အချို့မှာ ဖော်ပြပြီးပါပြီ။

ပြောသူ (၁)။ ဒါဆိုလောလောဆယ်လုပ်နေတဲ့ စာနယ်ဇင်းနဲ့ ဆက်စပ်တဲ့အလုပ်တစ်ခုခုမရှိဘူးလား။

ပြောသူ (၂)။ လတ်တလောတော့ အရင်အာဏာပိုင်တွေနဲ့ ပေါင်းသင်းတဲ့ ခရိုနီတွေကြောင့် ပျောက်သွား တဲ့ စာကြည့်တိုက်လေးတွေ ပြန်ရရေးကို အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ပေါင်းပြီး ပါဝင်ဆောင်ရွက်နေပါ တယ်။ ပြီးတော့ မြန်မာသံတော်ဆင့်ဂျာနယ်မှာ ဖော်ပြခဲ့တဲ့ မောင်ရေစက်ရဲ့ ပြည်ခိုင်ဖြိုးပါတီဗဟိုကော်မတီ ဥက္ကဋ္ဌကြီးသို့ စာအုပ်အမှာစာရေးဖို့ လုပ်နေပါတယ်။

ပြောသူ (၁)။ မောင်ရေစက်ဆိုတာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေပုံနဲ့ အသင်းကြီးတွေ ပါဝင်ခဲ့စဉ်က စာရေးသူပဲ အမှာစာမှာ ဆရာဘာတွေ ထူးထူးခြားခြားရေးမှာလဲ သိချင်ပါတယ်။

ပြောသူ (၂)။ အလံဓောက်ထိုးကိစ္စအတွက် မောင်ရေစက်အနေနဲ့ ပါတီကို တရားစွဲဖို့တိုက်တွန်းပါတယ်။ ဒီအလံနဲ့ အလံဥပဒေကို ဒီပါတီမှာ အခုဦးဆောင်သူတွေ ပါဝင်ရေးဆွဲခဲ့တာပါ။ ကိုယ်ထုတ်ပြန်ရေးဆွဲတဲ့ ဥပဒေကို

မလေးစားတာ ၊ မင်းမဲ့စရိုက်ဆန်ပါတယ်။ မောင်ရေစက်အနေနဲ့ စေတနာရှိတယ်ဆို ဒီမင်းမဲ့ စရိုက်ဖြစ်နေတဲ့ ဒီကိစ္စကို ကာယကံရှင်တွေ သတိပြုမိအောင် တရားစွဲသင့်ပါတယ်။ ဥပဒေအရ မြန်မာနိုင်ငံ သား မည်သူမဆို စွဲလို့ရပါတယ်။ မောင်ရေစက်ပေးစာရေးပေမယ့် ဖတ်ဖို့ မဖတ်ဖို့ မသေချာပါဘူး။ အခု စာအုပ်မှာလဲ စာမဖတ်ပဲ ကိုယ့်ပုံပဲကြည့်တဲ့ ကိစ္စရေးထားတာတွေ့လို့ပါ။

ပြောသူ (၁)။ ဆရာ့ကို ပါတီက အကြံပြုပါလို့ ပြောရင် သတင်းစာ ဆရာတစ်ယောက်အနေနဲ့ ဘာတွေ ပြောချင်ပါသလဲ။

ပြောသူ (၂)။ ၂၀၀၈ ဖွဲ့စည်းပုံကို လူထုဆန္ဒအတိုင်း ပြင်ဆင်ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်ရင် သမိုင်းအမဲစက် သိပ်မကြီးနိုင်ဘူးလို့ အကြံပြုချင်ပါတယ်။ ပြီးတော့ အစိုးရသက်တမ်းနဲ့ လွှတ်တော်သက် တမ်းက တစ်ဝက်ကျိုးတော့မယ်။ အခုထိ ဆန္ဒဖော်ထုတ်မှုကို အန္တရယ်ပြုမယ့် ပုဒ်မ ၅၀၅ (ခ) မဖျက်ရ သေးဘူး ။ ကိုယ်မကြိုက်တဲ့ ကိုယ့်လွှတ်တော် ကိုယ်စားလှယ်ကို ပြန်ရုတ်သိမ်းဖို့ နည်းဥပဒေ မရှိသေးဘူး။ မောင်ရေစက်တော့ ပေးစာနောက်တစ်အုပ် ထပ်ထွက်ဦးမယ် ထင်ပါတယ်။

**မျိုးညွန့်မောင်**

**အယ်ဒီတာချုပ် (ငြိမ်း)**

**သစ္စာသတင်းစာစောင် (True News)**

*

## မြန်မာသံတော်ဆင့်သတင်းဂျာနယ် အမှုဆောင်အရာရှိချုပ် ဥယျောဇဉ်

မြန်မာသံတော်ဆင့် သတင်းဂျာနယ်တွင် ပြည်ခိုင်ဖြိုးပါတီ ဗဟိုကော်မတီဥက္ကဋ္ဌကြီးသို့ အိတ်ဖွင့် ပေးစာများကို စာရေးသူမောင်ရေစက်က အပတ်စဉ်ရေးသားခဲ့ပြီး စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ သတင်းဂျာနယ်အနေဖြင့် အမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး အဖွဲ့အစည်းပါတီ ခေါင်းဆောင်မရွေး၊ သတင်းအမှန်ဖော်ပြရန် အသင့်ဟူသော ဆောင်ပုဒ်နှင့် ကိုက်ညီမှု ရှိစေရန်၊ ကြိုးပမ်း လျက်ရှိပြီး လွှတ်တော်တွင်း အမတ်နေရာအများဆုံး ပါတီ၊ အစိုးရအဖွဲ့အနေဖြင့် တိုင်းပြည်ကို အုပ်ချုပ် စီမံလျက်ရှိသည့် ပါတီဥက္ကဋ္ဌကြီးသို့ လိုအပ်ချက်များ ဖော်ညွှန်းတင်ပြရေးသား ခဲ့ခြင်းဟု ရှုမြင်ပါသည်။ မကောင်းမြင်ဝါဒ သဘောတရားများ ပပျောက်ကင်းစင်၍ အပြုသဘောဆောင်သော အကောင်းမြင် ဝါဒ သဘောတရားများဖြင့် ပါတီတွင်း ဒီမိုကရေစီ စနစ် အပြည့်အဝထွန်းကားခြင်းမှသည် ပြည်သူတို့၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ပါစေရန် မျှော်လင့်ပါသည်။

**သိန်းငှက်**

**အမှုဆောင်အရာရှိချုပ်**

*




ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌနေရာတွင် တာဝန်ထမ်းဆောင်နေသည့်
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး သူရဦးရွှေမန်း
နေပြည်တော် ပျဉ်းမနားမြို့နယ် ကြံ့ခိုင်ရေးရုံးသို့ ကွင်းဆင်းလာရောက်ခဲ့စဉ်။

ပြည်ခိုင်ဖြိုးပါတီ ဥက္ကဋ္ဌနေရာတွင် တာဝန်ထမ်းဆောင်နေသည့်

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး သူရဦးရွှေမန်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ် ကြံ့ခိုင်ရေးရုံးသို့
ကွင်းဆင်းလာရောက်ခဲ့စဉ်



## ပြည်ခိုင်ဖြိုးပါတီ ဗဟိုကော်မတီဥက္ကဋ္ဌကြီးသို့ (၁)

လေးစားအပ်ပါသော ပါတီဥက္ကဋ္ဌကြီးခင်ဗျား ။ လေ့လာထားသ၍ ဥက္ကဋ္ဌကြီးသည် လက်ရှိနိုင်ငံတော် သမ္မတကြီးတာဝန် ထမ်းဆောင်နေရ၍ ပါတီတာဝန်များကို ပါတီဒုတိယဥက္ကဋ္ဌဖြစ်သည့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဦးဆောင်မှုပေးနေကြောင်း သိရှိရပါသည်။ ကျွန်တော်တို့ နိုင်ငံသားများအနေဖြင့် ပါတီကို မည်သူဦးဆောင်နေပါစေ ။ တစ်ချိန်က ကြံ့ခိုင်ရေးအသင်းကြီးရဲ့ အသင်းဝင် ၂၄ သန်းဆိုသည့် အထဲ ပါဝင်ခဲ့ရ၍ ပါတီဖြစ်စေကာမူ မူလခြသေ့်တံဆိပ် အရောင်တူသည့်အတွက် မိမိတို့ပင်လျှင် ခြသေ့်စိတ် ဖြင့် ရဲဝံ့စွာ စာရေးသားတင်ပြရခြင်းကို ခွင့်ပြုစေချင်ပါတယ်။

ကျွန်တော်သည် တစ်ချိန်ကအသင်းကြီး၏ လေ့ကျင့်သင်တန်းပေါင်းစုံတက်ခဲ့ရပြီး သတင်းစာ ပညာ သင်တန်းဆင်းဖြစ်ခြင်း၊ အလုပ်အမှုဆောင်ဖြစ်ခဲ့ခြင်းတို့ကြောင့် မိမိနှင့်ယုံကြည်ချက်၊ ခံယူချက်တူ ရဲဘော်များနှင့် လက်တွဲ၍ ရည်ရွယ်ချက်ငါးရပ် ၊ အသင်းကြီး၏ ကျင့်ဝတ်

ကတိသစ္စာများအကြောင်း အသင်းကြီး မှ ပါတီသို့ ဆက်မပါဖြစ်ခဲ့သော်လည်း တိုက်ရိုက်ဖြစ်စေ ၊ သွယ်ဝိုက်သော အကြောင်းခြင်းရာဖြင့် ဖြစ်စေ ဆွေးနွေးဖြတ်သန်းခဲ့ရာ အခုနှစ်တွင်ပင် ၁၉ နှစ်အတွင်း ဝင်ခဲ့ပါပြီ ခင်ဗျား။

အသင်းကြီးသို့ စတင်ဝင်စ ငယ်ရွယ်နုနယ်သော လူငယ်တို့၏ ဦးနှောက်ထဲရိုက်သွင်းခံရသကဲ့သို့ အယူအဆများ ၊ ဖြစ်ရပ်ပုံသေနည်းများမှာ ယခုနိုင်းချိန်တတ်သော အရွယ်တွင် လွန်စွာမှ အမြင်မတော် စဉ်းစားမတော်စရာများ ဖြစ်၍ လာပါသည်။ မကြာမီက " အသင်းကြီးတွင် ပါဝင်ခဲ့စဉ်က " နိုင်ငံရေး ဆောင်း ပါးများ စာအုပ်ကို ထုတ်ဝေစဉ် အသိအမှတ်ပြု အားပေးခဲ့ကြသည့် ဥက္ကဋ္ဌကြီးနှင့် ပါတီဗဟိုကော်မတီကို ကျေးဇူးတင်၍ မဆုံးပါ။ အောက်ခြေက ခံစားရသည်တို့မှာ အသင်းကြီးပါဝင်စဉ်က ရေး၍ ဆုံးနိုင်ဖွယ် မရှိ။ ရင်နှင့်အမျှပင် ရှိပါသေးသည်ဟု ရေးခဲ့ပါသည်။ တစ်ချိန်ကရဲဘော် ယခုတော့ ပါတီကော်မတီဝင်တွေ ဖြစ်နေကြသူ အချို့က " မရေးသင့်ပါဘူး" ဟု ဆိုဆို ဦးတင်ထွတ်သုံးသပ်ချက်အရ ကိုယ်တိုင်တွေ့ကြုံ ခံစားရသည်များ ပေါင်းစပ်မိခြင်း ကြွခိုင်ရေးများသည် စစ်အလေ့အထရောဂါ ၊ သူလျှို ဒလန်ရောဂါ၊ အထက်ဖားအောက်ဖိ ရောဂါ စွဲကပ်သည်ဟု သုံးသပ်ဝေဖန်ခြင်းခံရပြီး ပြည်သူများက အော့နှလုံးနာစရာ ခြသေ့်များအဖြစ် ကူးပြောင်းရောက်ရှိခဲ့တဲ့ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲအလွန် ကာလများသည် တစ်ချိန်က သင်တန်းတက်ဖက် လက်တွဲဖော်စိတ်စေတနာကောင်းရှိကြသော ရဲဘော်များအတွက် မချိတင် ကဲ စိတ်ဖြင့် ရေးသားရပါတယ်။

ဤပေးစာသည် " ဖွ "ခြင်း မဟုတ်ရပါ ။ ယနေ့အစိုးရပိုင်း တာဝန်ရှိပုဂ္ဂိုလ်အားလုံး ၊ ပြည်ထောင်စု လွှတ်တော် နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အများစု ၊ အခြေခံဥပဒေ ခုံရုံးဥက္ကဋ္ဌ ၊ ရွေးကောက် ပွဲ ကော်မရှင်ဥက္ကဋ္ဌ ၊ ပြည်ထောင်စုလွှတ်တော် တရားသူကြီးချုပ်နှင့် အဖွဲ့ဝင်များ စသည့် နိုင်ငံ့ဝန်ထမ်း အားလုံးနီးပါး ၊ လူငယ်များသည် တစ်ချိန်က

ကြံ့ခိုင်ရေးအသင်းဝင်များပင် ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ ဖို့ လိုပြီဖြစ်သော ပြည်ခိုင်ဖြိုးပါတီအတွက် ခက်ခဲသော ကြီးမားသော ပြောင်းလဲမှုများကို ဥက္ကဋ္ဌကြီးတစ်ဦး ထဲ စဉ်းစား၍ စီစဉ်ရခြင်းထက် အခြေခံကျသော အတွေးအခေါ်အယူအဆတို့ တည်ရှိရာ အောက်ခြေ တစ်ချိန်က အသင်းဝင်များ၊ ယခုပါတီဝင်များအားလုံး အောက်ခြေက ညစ်ပေါက်ကပ်ကျယ် လူထုအမြင်ကတ်သော လုပ်ရပ်စရိုက်ဆိုးများကို တပြိုင်နက် သိမြင် ပြုပြင်နိုင်ပါစေရန် စိတ်ဆန္ဒဖြင့် ပါတီဥက္ကဋ္ဌကြီးသို့ ပေးစာအိတ်ဖွင့် ရေးသားရခြင်းဖြစ်ပါသည်။ တစ်ဖက်ကလည်း အချို့သောပြည်သူ ရွံ့မုန်းသည့် ကြံ့ခိုင်ရေးလုပ်ရပ်များဟု အထင်ရောက်သည့် ကိစ္စရပ်များသည် ကြံ့ခိုင်ရေးအဖွဲ့အစည်းနှင့် သက်ဆိုင် သည့် ပုဂ္ဂလိက ဖြစ်စဉ်အချို့ ပါဝင်ကြောင်း သိလိုရင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျာ

ယနေ့လောလောဆယ်ကတော့ ပြည်ပက ကိုမိုးသီးဇွန်တို့အဖွဲ့ မြန်မာနိုင်ငံကို ရောက်နေပါတယ်။ အစိုးရက သဘောထားကြီးမားစွာဖြင့် ပြည်ဝင်ခွင့်

(( မကောင်းသတင်း ဖြစ်ပေါ်စေခဲ့သည်မှာ

အောက်ခြေမြို့နယ် အသင်းရုံးများကို

ကွပ်ကဲသည့် ခရိုင်နှင့် တိုင်းအသင်းတို့၏

လုပ်ကွက်တချို့ကြောင့် ဖြစ်ပါသည်။

တိုင်းသို့ သွားပို့သော တိုင်စာကိုပို့သူ

အိမ်ပြန်မရောက်ခင် အတိုင်ခံရသူက

မိတ္တူရနှင့်ပြီဖြစ်သော ဖြစ်စဉ်များ

ဒုနဲ့ဒေး ဖြစ်ပွားခဲ့ခြင်း၊ မောက်မာ၍

ကိုယ်ကျိုးရှာတတ်သော

မြို့နယ်အတွင်းရေးမှူး အချို့နှင့်

အလုပ်အမှုဆောင်တာဝန်ကျေလိုသော

ရဲဘော်များ နှစ်ဖက်စလုံးကို

အမုန်းမခံလိုသော စိတ်ဓာတ်များဖြင့်

မပြတ်မသားထား၍ အသင်းကြီး၏

ပုံရိပ်ကောင်းကို တစစီ ဖဲ့ခြွေခြင်း

ခံရမှန်းမသိ ခံခဲ့ကြရပါသည်။....))

ပြန်ပေး၍ KNU ကိုလည်း လိုချင်တာပေးပြီး ငြိမ်းချမ်းရေးဆွေးနွေးမှု အောင်မြင်နေပါသည်။ တစ်ချိန်က ကျွန်တော်တို့အပါအဝင် အသင်းဝင်ရဲဘော်တွေဟာ ပြည်သူတွေ ဒေသခံတွေနဲ့အတူ အဖျက်သမား ဆန့်ကျင် ရှုတ်ချပွဲကြီးတွေမှာ ပင်ပန်းတကြီးပါဝင်ခဲ့ရပါတယ်။ အဲဒီ အချိန်တုန်းက ဘယ်ကနေခိုင်းတဲ့ အမိန့် မှန်းမသိ ခရိုင် ၊ မြို့နယ်အသင်းရုံးတွေက တဆင့် ချီတက်ကြ ၊ ကြွေးကြော်ကြ ၊ ဆွေးနွေးကြ ၊ ထောက်ခံ ကြန့်ပါ ခင်ဗျား . အဲဒီ တုန်းက ကျွန်တော်တို့ကို ဦးကြီးတစ်ဦးပြောခဲ့တာ သတိရပါတယ်။ " ဗိုလ်ချုပ်ကြီး နေဝင်းကဆိုရင်တဲ့ ဦးနုကို စစ်ပြိုင်အစိုးရဖွဲ့တော့ ပြည်ပြေးနေ့ တဲ့ ၊ သတင်းစာမှာရေးကြ ၊ လူတွေကို ပြောခိုင်း ၊ ပြန်ဝင်လာတော့ သူကိုယ်တိုင်အကိုကြီးဆိုပြီး လေဆီပ်ဆင်းကြိုတယ် " ဆိုပါတယ်။ ဒါတွေကို လည်း နားလည်ပါတယ်။ တစ်ချိန်က လက်သီးလက်မောင်းတန်းပြီး ဆန့်ကျင်ဘက် အဖွဲ့အစည်းဝင်တွေဟု အသင်းဝင်တွေကို သဘောတရားရေးရာရိုက်သွင်း၊ အခုတော့ အဲဒီ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တွေဆီ ကိုယ်တိုင် သွားပြီး တရားဝင်ထောက်ပံ့ငွေတွေ ပေးနေတာကိုတော့ တစ်ချိန်ကစိတ်ဓာတ်နဲ့ ဘော်လံတီယာ ဝင်လုပ် ခဲ့ကြဖူးတဲ့ အသင်းဝင်ဟောင်းတွေရော အောက်ခြေရဲဘော်တွေကပါ ခံစားနေကြရပါတယ်။ နိုင်ငံရေးရဲ့ ရေစီးကြောင်းထဲ ပါခဲ့တာကို သုံးသပ်နေကြပါပြီ။

ဘယ်လိုပဲဖြစ်ဖြစ် အောက်ခြေက အသင်းဝင်တိုင်းရဲ့ အတွေ့အကြုံ၊ ခံစားခဲ့ရတာ တွေကို လူကြီး တွေ အကုန်မသိနိုင်တဲ့ လောကဓမ္မတရားအရ ဥက္ကဋ္ဌကြီးကို တိုင်တည်ရခြင်းပါ။ ဘာဖြစ်လို့လဲဆိုတော့ ဥက္ကဋ္ဌကြီးက တစ်ချိန်က အသင်းကြီးမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ ဗဟိုနာယကအဖွဲ့ဝင်၊ ဒုတိယ ဥက္ကဋ္ဌတာဝန်ကြီးတွေ ထမ်းဆောင်ခဲ့တာ အသင်းဝင်ဟောင်းကြီးတွေက သိကြပါတယ်။ အများသိကြတဲ့ ဖြစ်ရပ်တစ်ခုက ကျွန်တော်တို့ ရန်ကုန်မြို့မှာ ထစ်ခနဲဆို အဲဒီ အချိန်က အသင်းရုံးတွေမှာ လူစုခံရတာ ပါပဲ။ ဥပမာ တစ်ခုဆိုလျှင် ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်က မလွတ်ခင်ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်း စုကြည် မွေးနေ့ရှိ၍ မြို့နယ်ကြံ့ခိုင်ရေးအသင်းရုံးမှာ လူ ၅၀ခန့်စီ စုခဲ့ရပါတယ်။ မွေးနေ့အကြိုနေ့ ညအိပ် နောက်တစ်နေ့ညအထိ ရန်ပုံငွေမှ နံနက်စာ လက်ဖက်ရည် မုန့်၊ နေ့လည်စာ ကြက်ပဲဟင်းနဲ့ ထမင်း၊ ညစာကျွေး၊ လူတွေမပျင်းရအောင် ဗီဒီယိုပြ စသည်ဖြင့် ကုန်လွန်ခဲ့ရပါတယ်။ အဲဒီ နေ့တွေမှာ အပြင် အလုပ်ရှိသူအချို့ အလုပ်ပျက်ပြီး EC တွေလည်း နေ့ညရုံးလာနေပေးရတာ ပဲ ဖြစ်ပါတယ်။ ဘာမှ မထူးခြား ခဲ့ပါ။

ဒါပေမယ့် ကျွန်တော်တို့တွေ နားလည်မိတာ တစ်ခုရှိပါတယ်။ နေအိမ်အကျယ်





**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်**

**ဖွံ့ဖြိုးရေးညီလာခံ (၂၀၁၂)တွင်**

ပါတီဥက္ကဋ္ဌကြီးဖြစ်သော နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်

လက်ရှိ ပါတီဥက္ကဋ္ဌတာဝန်ယူထားသော

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့ကို တွေ့ရစဉ်။



ပြည်ခိုင်ဖြိုးအသင်း စတင်ဖွဲ့စည်းသည့် (၁၉၉၃)ခုနှစ်မှ စ၍

ယနေ့တိုင် ကျန်ရစ်သည့် တစ်ဦးတည်းသော

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုးသာ (ယခုဗဟိုအတိုင်ပင်ခံ) ကို

ဥက္ကဋ္ဌကြီး ဦးသိန်းစိန်နှင့် ဥက္ကဋ္ဌကြီး သူရဦးရွှေမန်းတို့

ရင်းရင်းနှီးနှီးနှုတ်ဆက်နေစဉ်။



ပါတီဥက္ကဋ္ဌကြီးဦးသိန်းစိန် ပါတီဌာနချုပ်ရုံးမှအပြန်။

**ပါတီဥက္ကဋ္ဌကြီးဦးသိန်းစိန် ပါတီဌာနချုပ်ရုံးမှ အပြန် ။**



ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း



ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး



ဥက္ကဋ္ဌ သူရဦးရွှေမန်းကို
သမ္မတရုံး ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း
အလေးပြုနှုတ်ဆက်နေစဉ်



ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်
ဗဟိုကော်မတီဝင်များ နိုင်ငံတော်သမ္မတ၊ ပါတီဥက္ကဋ္ဌကြီးကို
နှုတ်ဆက်နေကြစဉ်။



ဦးစိုးသာ၊ ဦးတင်ထွတ်၊ ဦးအောင်သောင်း



ဦးသိန်းဇော်၊ ဦးခင်အောင်မြင့်၊ ဦးသိန်းဆွေ





ဦးသိန်းအောင်နှင့် ဦးဆန်းဆင့်




ဥက္ကဋ္ဌကြီး သူရဦးရွှေမန်း



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်

ပြည်ခိုင်ဖြိုးပါတီ ဗဟိုကော်မတီဥက္ကဋ္ဌဦးသိန်းစိန်သည်
နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်နေရ၍
လက်ရှိပါတီဥက္ကဋ္ဌတာဝန်ကို ဒုဥက္ကဋ္ဌသူရဦးရွှေမန်းက
ထမ်းဆောင်လျက်ရှိသည်။
(ပါတီညီလာခံ သတင်းကောက်နုတ်ချက်မှ)

ချုပ်ကျနေတဲ့ ဗိုလ်ချုပ်အောင်ဆန်း၏ သမီး ဒေါ်အောင်ဆန်းစုကြည် မွေးနေ့အထိမ်းအမှတ် ရန်ကုန်မြို့က မြို့နယ်ကြွခိုင်ရေးအသင်းရုံးတွေမှာ ဧည့်ခံပေးလိုက်တဲ့ သဘောပါပဲ။ ဥက္ကဋ္ဌကြီးခင်ဗျား ၊ ကျွန်တော်တို့ အသင်းဝင်တွေဟာ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ပွဲကို မြို့နယ်ရုံးတွေမှာ လူစုကျင်းပပေးလိုက်တဲ့ အပြင် ကျွန်တော်တို့ပြည်သူတချို့က ရုံးတွေမှာ ရုတ်ရုတ်သဲသဲ စုနေကြတော့ စွမ်းအားရှင်တွေ စုနေတယ်လို့ အပြောခံခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ယခုလိုပါတီကြီး ပုံရိပ်ထင်လာခြင်းသည် အသင်းကြီး ၁၇နှစ်နီးပါး ဒေါက်တိုင် ကြောင့်ဟု ကျွန်တော်တို့ နားလည်ထားပါတယ်။ တစ်ချိန်က ခရမ်းချဉ်သီးနဲ့ပေါက် ၊ ခဲနဲ့ပေါက်၊ တွန်းကြ ထိုးကြနဲ့ နစ်နာခဲ့ကြရသူတွေဟာ အသင်းကြီးဖျက်သိမ်းလိုက်တော့ ကျန်ရစ်ခဲ့ပါပြီ။ စိတ်သစ်လူသစ်နှင့် ပါတီ အာဏာရကာလမှာ ဖက်လဲတကင်း နှုတ်ဆက်ကြပြီး နိုင်ငံသစ်ကိုရှေ့သို့ချီပြီး ညီညီညွတ်ညွတ် လျှောက်လှမ်းကြမှာကို ဝမ်းသာနေကြရပါတယ်။ အဲဒီ အထဲက ညီညွတ်ရေးနှင့် တာဝန်ကြီးကို ဗန်းပြပြီး အောက်ခြေမှာ ပြည်သူနှင့် တစ်ချိန်ကအသင်းဝင် ၊ ယခုပြည်သူများကို လှည့်စားလှည့်ဖြားနေသည့် လုပ်ရပ်များ လုပ်နေကြလျက်ပါ။ ကနဦးရေးမိလိုက်သည့်သူဟု ထင်သူများကိုပင် ပစ်ချက်များ စုဆောင်း၍ ချဲပစ်ဖမ်းရန်အဆင့်ထိ ကြိုးပမ်းနေသူများလည်းရှိ၍ ချိန်ဆနေရပါသည်။ အောက်ခြေက လူတန်းစားများ ဘဝမှာ နိုင်ငံသားဖြစ်ဖြစ်၊ အသင်းသားဖြစ်ဖြစ်၊ ပါတီဝင်ဖြစ်ဖြစ် ၊ လယ်သမားဖြစ်ဖြစ် အချိန်တန်တော့ အသုံးချခံတွေပါခင်ဗျာ။

ဥက္ကဋ္ဌကြီးခင်ဗျာ ယခုကျွန်တော်တင်ပြခဲ့သည်တို့မှာ အောက်ခြေကဖြစ်စဉ်တချို့ကြောင့် ခံစားရ၍ ပါဝင်ကြသူများတွင် စေတနာကောင်း၊ စေတနာဆိုး ဒွန်တွဲမိခြင်းကို ဖော်ပြခြင်းဖြစ်ပါတယ်။ အထက်ဖော်ပြ ခဲ့သည့်တို့တွင် ကျွန်တော့်အထင်မလိုအပ်ဘဲ “နိုင်ငံတော်လုံခြုံရေး” ခေါင်းစဉ်တပ်၍ လုပ်ခဲ့ရသဖြင့်

ဗဟို အတွင်းရေးမှူး ဦးတင်ထွတ်သုံးသပ်သည့် “ စစ်အလေ့အထရောဂါ”
ဆိုသည်မှာ တစ်ချိန်က အသင်းဝင် တစ်ချို့နှင့် ကျွန်တော်တို့ကိုယ်တိုင်
မငြင်းနိုင်ခဲ့ကြပါ။

ထို့အတူပင် အသင်းကြီး၌
လုပ်ဖော်ကိုင်ဖက်အချင်းချင်းစိတ်ဓာတ်ပျက်ပြား၍ နိုင်ငံရေးသတ်ကွက် များ
သုံးလာကြခြင်း၊ တိုင်ကြတောကြဖြင့် အသင်းထဲမဝင်ခင်က မိတ်ဆွေခင်မင်မှုပင်
အသင်းထဲရောက်ခါ မှ ပျက်ပြားရကြောင်း၊ မကောင်းသတင်း ဖြစ်ပေါ်စေခဲ့သည်မှာ
အောက်ခြေမြို့နယ် အသင်းရုံးများကို ကွပ်ကဲသည့် ခရိုင်နှင့် တိုင်းအသင်းတို့၏
လုပ်ကွက်တချို့ကြောင့် ဖြစ်ပါသည်။ တိုင်းသို့သွားပို့သော တိုင်စာကို
ပို့သူအိမ်ပြန်မရောက်ခင် အတိုင်ခံရသူက မိတ္တူရရှင့်ပြီးဖြစ်သော ဖြစ်စဉ်များ
ဒုန့်ဒေး ဖြစ်ပွား ခဲ့ခြင်း၊ မောက်မာ၍ ကိုယ်ကျိုးရှာတတ်သော
မြို့နယ်အတွင်းရေးမှူးအချို့နှင့် အလုပ်အမှုဆောင် တာဝန် ကျေလိုသော ရဲဘော်များ
နှစ်ဖက်စလုံးကို အမုန်းမခံလိုသော စိတ်ဓာတ်များဖြင့် မပြတ်မသားထား၍
အသင်းကြီး၏ ပုံရိပ်ကောင်းများကို တစစီ ဖွဲ့ခြွေခြင်းခံရမှန်းမသိ ခံခဲ့ကြရပါသည်။

အသင်းအဆင့်ဆင့်တိုင်းတွင် လူကြီးများက
တိုက်ရိုက်ခေါ်ယူတွေ့ဆုံလမ်းညွှန် ပံ့ပိုးပေးခဲ့သည်။
အတွင်းရေးမှူးများကြောင့်လည်း အောက်ခြေကို တစ်ကွက်ချိန်တတ်ကြသည့်
အဆိုပါ ပုဂ္ဂိုလ်များ၏ လုပ်ရပ်များ အချိန်ကြာတော့ ဘူးပေါ်သလိုပေါ်လာပြီး
ပြန်အဖတ်ဆယ်မရတာ တွေသည် အသင်းကြီးမှ ပါတီအကူး ၂လခန့် ကြိုတင်၍
မြို့နယ်ဘဏ်စာအုပ်ထဲက ငွေသိန်း ၂၀၀ မှ လက်ကျန် ၃၅ သိန်းသာ ကျန်
အောင်ထုတ်ခိုင်း၊ အသင်းက ပါတီကို လွှဲပြောင်းငွေစာရင်းကို လိမ်ပြလို
ပြကြတာတွေ၊ အသင်းဝင်မရှိဘဲ အတွင်းရေးမှူးတွေက ကိုယ့်နံမည်ကောင်းရဖို့
အင်အားစာရင်းကို သန်းခေါင်စာရင်း၊ မိတ္တူ တွေထဲက ကူးထည့်ပြီး အသင်းဝင်
ရာထောင်သောင်းချီ အဆိုပြုလွှာ ပေးအပ်ပွဲတွေလုပ်၊ ကြားခဲ့ရတာ အပတ်စဉ်ပါတီ

ဝင်ကိုလည်း အမြဲတမ်း အတိုးပြရမယ်ဆိုတာတွေဟာ များပြားလှတဲ့
နိုင်ငံတာဝန်တွေကြားက ဥက္ကဋ္ဌကြီး သိမှသိပ့်ါမလားလို့ ဘုရားတနေကြရပါပြီ။

အခုလည်း ကျွန်တော့်ရဲ့ တစ်ချိန်က ရဲဘော်ကော်မတီဝင်ကြီးတွေက ပါတီတွင်း ဒီမိုကရေစီမရှိတဲ့ ကိစ္စတွေကို လာရင်ဖွင့်နေကြပါတယ်။ သူတို့ကလာပြော ကျွန်တော်က အမုန်းခံပြီး စာမျက်နှာပေါ်တက် ရေး ဒါတွေချည်းမရေးပါရစေနဲ့လို့တောင် ဆုတောင်းနေမိပါတယ်။ ဒါပေမယ့် ကြံ့ခိုင်ရေးဆိုတာလည်း ပြည်သူတွေထဲက ပြည်သူတွေပဲ ဖြစ်လို့ သူတို့တွေရဲ့ နစ်နာခံစားချက်တွေကို စာနယ်ဇင်းသမားတစ်ဦးဆို တော့ လစ်လျူမရှုနိုင်ပါဘူး ခင်ဗျား ... တင်ပြရေးသားရပါတယ်။ မကြာမီ ကျင်းပမယ့် ပါတီညီလာခံအတွက်လည်း ဗဟိုက မြို့နယ်တိုင်းက ညီလာခံကိုယ်စားလှယ်တွေအဖြစ် အတွင်းရေးမှူးတွေချည်းပဲ ရအောင် တက်ဖို့ ညွှန်ကြားတယ် ကြားရပါတယ်။ ညီလာခံကိုယ်စားလှယ်အဖြစ် ပါတီတွင်း မဲပေးရွေးချယ်ပြီး အများစုထောက်ခံတဲ့ ညီလာခံကိုယ်စားလှယ်တွေ တက်ခွင့်ရမယ့်အချိန်ကိုလည်း အသင်းကြီးမှသည် ယနေ့ပါတီသို့တိုင် (၁၉) နှစ်ခရီး ချီတက်ကြတဲ့ အောက်ခြေက ဝါရင့်ပါတီဝင် ရဲဘော်တွေက မျှော်လင့်နေ တာတော့ သေချာပါတယ်ခင်ဗျား...။

**ဥက္ကဋ္ဌကြီးကို လေးစားလျှက်**

**ဆက်လက်ကြိုးစား၍ ရေးသားတင်ပြပါဦးမည်။**

**မောင်ရေစက်**

*



## ပြည်ခိုင်ဖြိုးပါတီ ဗဟိုကော်မတီဥက္ကဋ္ဌကြီးသို့ (၂)

ဥက္ကဋ္ဌကြီးခင်ဗျား ..

ပါတီသက်တမ်း (၂)နှစ်သာ ရှိသေးပေမယ့် “ ပြည်ခိုင်ဖြိုး ”ဆိုတဲ့ အမည်နာမကဖြင့် အနှစ် ၂ဝနား ကပ်နေခဲ့ပြီ ဖြစ်ပါတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအသင်းကြီးကို တည်ဆောက်ခဲ့ပြီး အသင်း ဝင် ၂၄ သန်းကို လက်ခံအသိအမှတ်ပြုခဲ့ကာ မြို့ရွာနယ်ပါ အသင်းကြီးရဲ့ စည်းရုံးရေးဖြန့်ကျက်ခဲ့တာ တွေသည် ယခုမြန်မာ့နိုင်ငံရေး ပြောင်းလဲမှုနှင့်အတူ ကျန်ရစ်ခဲ့၍ မရနိုင်ပါ။ မည်သူတွေက မည်သို့ပင် ဆိုစေကာမူ အခြေခံလူတန်းစားအထိ ပတ်သက်နေတဲ့ ဆေးရုံ၊ စာသင်ကျောင်း ၊ လမ်း၊ တံတား ၊ ရေတွင်း၊ ရေကန် ၊ စာကြည့်တိုက်၊ ဘုန်းကြီးကျောင်း ၊ ကျေးလက်နေအိမ် စသည်တို့မှာ ပြည်ခိုင်ဖြိုးတွေ မပါမဖြစ် လုပ်ဆောင်ပေးခဲ့ရပါတယ်။

ဟိုတစ်ချိန်က အာဏာပိုင်လူကြီးတွေကို ဝင်ဆံ့နိုင်ဖို့ လူတိုင်းနီးပါး ခြသေ့်တံဆိပ်၊ ပြည်ခိုင်ဖြိုး အဆောင်အယောင်သုံးခဲ့ကြပါတယ်။ ယခုအချိန်မှာ

လူတိုင်းနီးပါး ခွပ်ဒေါင်းတံဆိပ် NLD အဆောင် အယောင်ကို သုံးနေကြပါပြီ။ ပိုထူးခြားတာက တက္ကစီယာဥ်များက အစ ၊ ကလေးများအဆုံး ခွပ်ဒေါင်းတံဆိပ်ကို သုံးကြပါတယ်။ ဒါတွေကိုမှန်မှန်ကန်ကန် သုံးသပ်သင့်၊ လုပ်သင့်လုပ်ထိုက်တာကို လက်မနှေးပဲ လုပ်သင့်နေပါပြီ။ အမြုတေမှ ၂၆ နှစ်သက်တမ်း ပါတီကြီးဖြစ်တဲ့ လမ်းစဉ်ပါတီရဲ့ ပုံရိပ်သည် ယခု တစည ဖြစ်သော်လည်း ပြည်သူက လက်မခံကြတော့ပါ။ ကျွန်တော်သုံးသပ်မိတာက “ ဒီမိုကရေစီ စနစ် ” ကို အကျွမ်းမဝင်ပဲ “ ဗဟိုဦးစီးစနစ် ” ဖြင့် နှစ်ပေါင်းများစွာ အသားကျခဲ့လို့ဟု ထင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ...

ယခုလည်း ပါတီတွင်း ဒီမိုကရေစီ မရှိသည့် ကိစ္စရပ်များကို ရဲဘော်ကော်မတီဝင်ကြီးတွေက ရင်ဖွင့် ကြပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ အောက်ခြေကနေ ပြန်လည်ရွေးချယ်မှုတွေပြုလုပ်ခဲ့ကြတော့ တိုင်း ကော်မတီအဆင့် ပြန်လည်ရွေးချယ်ပြီး ကျမ်းကျိန်ခဲ့ကြရာမှာ ရွေးချယ်ပြီးသား တိုင်းကော်မတီဝင် ၂ ဦးကို တိုင်းတာဝန်ခံက ပြန်လည်ဖယ်ရှားခဲ့တယ်လို့ ဆိုပါတယ်။ တိုင်းတာဝန်ခံ ဗဟိုအလုပ်မှုဆောင် သဘော ကျ နှစ်ခြိုက်တဲ့လူနှစ်ဦးကို အစားထိုးခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် ပြည်နယ်၊ တိုင်းအစိုးရအဖွဲ့မှာပါ လို့ဆိုပြီး ကော်မတီဝင်တာဝန်တွေ ရုတ်သိမ်းခဲ့ပါသေးတယ်။ ဒါတွေက ကြိုတင်ပြီးအကွက်ချစီမံရမယ့် ကိစ္စတွေကို ပါတီနာယကတွေရှေ့မှောက်မှာ ပါတီဝင်အများရှေ့မှာ ဗဟိုကပဲဆိုပြီး ထင်တိုင်းကြဲခဲ့တာပဲ ဖြစ်ပါတယ်။ ဖယ်ရှားခံရသူတွေကိုလည်း “ ဘာပြောစရာရှိသေးလဲ ” မေးပါတယ်ဆိုသော်လည်း လူအများ ရှေ့မှာ အသင်းစဖွဲ့ကတည်းက လုပ်လာခဲ့ကြတဲ့ ဝါရင့်ကော်မတီဝင်ကြီးတွေခင်မျာ “ ဘာများပြောနိုင်ပါ မလဲခင်ဗျားး ” ပြုံးသူမှာ မျက်ရည်စတွေနဲ့ ဆိုသလိုပါပဲ။

အသင်းကြီးမှာ ၁၇ နှစ်နီးပါး ၊ ပါတီမှာ ၂ နှစ် ဒါတွေရဲ့ ဆုလာဒ်အဖြစ်

ဗဟိုက မူဝါဒကို နင်းခြေပြီး ဗဟိုကော်မတီလူကြီးအလိုကျ စခန်းသွားခဲ့ရတဲ့ ကေဒါကြီးတွေရဲ့ အံကြိတ်ခံဝံ့တဲ့ စိတ်ဓာတ်ကို မောင်ရေစက်က အလေးအခါခါပြုမိပါတယ်။ ဒါနှင့်တောင် အားမရလို့ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းကို မေးကြည့်တော့ -

“ ဗဟိုက ညှိပေးလိုက်ပါပြီ ” တဲ့ ဒါပေမယ့် သတင်းသမားဆိုတာ နှစ်ဖက်ကအသံကို နားထောင်ရ လို့ မတရားအဖယ်ခံကြရတဲ့ ယခင်ကော်မတီဝင်ကြီးတွေက ပြောတာ “ ဘာမှ မညှိပေးပါဘူး ” ဆိုတာပါပဲ ဒ့ါအပြင် အနှစ် ၂ဝ နီးပါး ပြည်ခိုင်ဖြိုးကို ပေးဆပ်ခဲ့ရတာ တွေဟာ “ သာမာန်ပါတီဝင်အဆင့်လျှော့ အဖယ်ခံ ရတာ ပဲ ” ဟုဆိုပါတယ်။ ဗဟိုအဆင့် တာဝန်ရှိသူတွေ ကိုယ်တိုင်ကပါ ဖုံးဖိနေတာ မဖြစ်သင့်တော့ပါဘူး။ ရတ်တရက်ကြည့်ရင် နေရာယူချင်လို့ ပြောနေတယ်ထင်ရပါတယ်။ အဆိုပါ ပုဂ္ဂိုလ်ကြီးတွေရဲ့ ကိုယ်ရေး သမိုင်း ၊ ဇစ်မြစ်တွေကို ဥက္ကဋ္ဌကြီးသေချာ စေ့ငုံကြည့်ပါခင်ဗျား။ အကျင့်စာရိတ္တမဏ္ဍိုင်မြဲခိုင်တဲ့ ပုဂ္ဂိုလ်ကြီး တွေဖြစ်တဲ့အပြင် လက်ရှိလည်း တိုင်းလွှတ်တော် ဒု-ဥက္ကဋ္ဌတစ်ယောက်ပါနေပါတယ်။

ဒီလိုပုဂ္ဂိုလ်မျိုးတွေကိုတောင် ပါတီဗဟိုက အပြစ်မဲ့ဖယ်ရှား စွန့်ပစ်ဝံ့တဲ့

((ထုနှင့်ထည်နှင့် ကြီးမားသော

အိမ်ခြေရာထောင်ချီသည့် ရပ်ရွာများ၌

အကောင်အထည်ဖော်ပေးခဲ့သော

အသင်းကြီး ဗဟိုအလုပ်အမှုဆောင်

(တိုင်းတာဝန်ခံ၏ ကျေးလက်ဒေသ)

ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး၏

တစ်ချို့သော Project ကြီးများကို

မလျော်ညြဇာသုံး၍ ကိုယ်ကျိုးရှာပြီး

ဒေသခံများအားလုံး နစ်နာခံစားကြရသည်ကို

ယနေ့တိုင် ဖုံးဖိထားနိုင်သော

အဆိုပါ ပုဂ္ဂိုလ်များအား နယ်မြေလူထု၏

ရှုံ့မုန်းခြင်းသည် ပါတီသို့

အရိပ်မဲ ကျရောက်နေခဲ့ရပါသည် .....))

**စိတ်ထားမျိုးကို ရှိနိုင်တဲ့သူတွေကို ဥက္ကဋ္ဌကြီးက သေသေချာချာ စိစစ်အရေးယူဆုံးမသင့်ပါတယ်။ ဒါမှသာ ကျောသားရင်သား မခွဲခြားပဲ ဆက်ဆံခြင်းဖြင့် ပါတီအပေါ် ပါတီဝင်များ ကေဒါအများက ယုံကြည်ခြင်းဖြင့် ပါတီ၏ မိတ်ဆွေများဖြစ်ကြသည့် ပြည်သူများကပါ အမှန်အတိုင်း ပါတီတွင်း ဒီမိုကရေစီရှိသည့်အတွက်ပါ ပိုမိုယုံကြည် သက်ဝင်လာနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်ကြားသမျှ ပါတီတွင်း ပြန်လည်ရွေးချယ်ပွဲတွေမှာ မသမာမှုတွေ ရှိနေကြလို့ တိုင်စာတော်တော်များများ ပို့ခဲ့တယ်ဆိုပြီး ယခုထိ တိတိပပ မဖြေရှင်းပေးသေး ပါဘူး။**

ဒါတွေဟာလည်း တစ်ချိန်က အသင်းကြီးစတည်းက အသားကျနေတဲ့ ပုံစံကြောင့်လည်း ဖြစ်နိုင်ပါ တယ်။ ရန်ကုန်တိုင်းမှာလည်း တိုင်းအသင်းက ဦးဆောင်စစ်ဆေးပြီး အပြစ်ရှိတဲ့ ပုဂ္ဂိုလ်ကို ထိုက်သင့်တဲ့ အရေးယူမှု တစ်စုံတစ်ရာမလုပ်တဲ့အပြင် ချီးမြှင့်မြှောက်စားတဲ့ တိုင်းတာဝန်ခံလည်း ရှိခဲ့သည့်အတွက် ဤကဲ့သို့သော ဗဟိုက လုပ်ချင်ရာလုပ်ရပ်အချို့ကြောင့်ပင် ကြားဖြတ်ရွေးကောက်ပွဲကြီးက သက်သေ ဖြစ်ခဲ့ပါပြီ။ အများဆန္ဒဟု နှုတ်ကပြောနေပေမယ့် တကယ်တမ်းမှာ ကိုယ်တဦးဆန္ဒကိုသာ ရှေ့ထားလုပ် သွားရက်ကြသူများကြောင့် ပါတီဆက်လက်ရပ်တည်ရေးအတွက် ထိခိုက်နေရပါပြီ ခင်ဗျား။ ကျွန်တော်တို့ က စာနယ်ဇင်းမှာ ရပ်တည်နေနိုင်ပေမယ့် တစ်ချိန်က လက်တွဲဖက် ရဲဘော်တွေက ပါတီကော်မတီ တာဝန်တွေ ဖြစ်နေကြပါတယ်။

သူတို့တွေလို အောက်ခြေကော်မတီအဆင့်တွေက ပြည်သူတွေနှင့် တိုက်ရိုက်ထိတွေ့နေရသူ တွေက ဥက္ကဋ္ဌကြီးတို့အဆင့်ကို တင်ပြရခက်နေကြပါတယ်။ မြို့နယ် စီ/မံစည်းရုံးတာဝန်တွေ အနှစ် ၂၀ နီးပါး နေ့စဉ်သတင်းဆို ရအောင်ရှာပြီး တင်ပြပေးခဲ့ကြရတာ အသင်းကြီးမှသည် ပါတီသို့တိုင် ကော်မတီ ဝင်တာဝန်တွေ ထမ်းရွက်ခဲ့ရတာ က ဖခင်ဆုံးပါးသွားတဲ့ နာရေးကို ပြည်ခိုင်ဖြိုးက မည်သည့်သာရေး နာရေး အဖွဲ့ကမျှ ဂရုမစိုက် လိုက်မပို့တာသာ အဖတ်တင်ပါတယ်ဆိုပြီး NLD သာဆိုရင် ရဲရဲနီသွားမှာ သေချာ တယ်ဆိုသူကဆို ၊ အတွင်းရေးမှူးနဲ့ တိုင်း EC တူမ ဆေးရုံးခဏခဏတက်တာတောင် နာရေးထောက်ပံ့ ငွေရခဲ့တယ်။ ဒါတွေဟာ သတင်းသင်တန်းဆင်းကတည်းက အတွင်းရေးမှူးတွေရဲ့ အမြင်စောင်းတဲ့ဒဏ် ခံရတဲ့ အကျိုးဆက်၊ ဆရာရင်း ဗဟိုအတွင်းရေးမှူးကြီးကလည်း မဖြေရှင်းပေးနိုင်တဲ့အတွက် အောက်ခြေ က အမှောင်က နက်သထက်နက်လာခဲ့ပါတယ် ဟု ရင်ဖွင့်သံတွေက ရင်နင့်စရာပါ။ ဥက္ကဋ္ဌကြီးကြီးခင်ဗျား..၊ ဒီလိုနှင့်ပင် ခြသေ့်ကေဒါတွေ နောက်ဆုတ်နေကြပါပြီ။ အသင်းကြီးမှသည် ပါတီသို့တိုင် တစိုက်မတ်မတ် လုပ်နေကြသူတချို့လည်း ရွှေငါးစီးနိုင်ကြသူတွေ ရှိသလို မိသားစုစီးပွား လူမှုဘဝတွေပျက်သွားခဲ့ကြလို့ ပြည်သူတွေရဲ့ ဘာလဲဆိုတဲ့ အကြည့်ခံရတာ တွေရှိပါတယ်။ ဥက္ကဋ္ဌကြီးဖြစ်စေချင်တဲ့ ပြည်သူတွေအပေါ်မှာ ခြေသုတ်ပုဆိုး မာန်စွယ်ကျိုးသကဲ့သို့ ဆက်ဆံနိုင်မယ့် စည်းရုံးရေးခေါင်းဆောင်ငယ်တွေ ကိုယ်ထင်ရာ ကိုယ်မလုပ်ပဲ အလုပ်အမှုဆောင်တွေ သဘောထားနဲ့သာဆောင်ရွက်လိုတဲ့ ခေါင်းဆောင်တွေနဲ့ ပါတီတွင်း ဒီမိုကရေစီစနစ်ကို အောက်ခြေရဲဘော်တွေက မျှော်လင့်နေပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား

အသင်းကြီး၌ ပါဝင်ခဲ့စဉ်က ကိစ္စရပ်များသည် ယခုအခါ

ပါတီသို့ကူးပြောင်းခဲ့ရာတွင် သင်ခန်းစာ ကောင်းများဖြစ်ပါသည်။ လောလောဆယ်၌ ပါတီဥက္ကဋ္ဌကြီးကြီး သူရဦးရွှေမန်း မိန့်ကြားခဲ့သော အတွင်း ရေးမှူးများ ကိုယ့်သဘောထားဖြင့် မလုပ်ကြရန်ဆိုသည့် တင်းကျပ်စွာမိန့်မှာချက်ကို ရဲဘော်ကော်မတီဝင် ကြီးများက အထူးနှစ်ခြိုက်နေကြပါသည်။ ၎င်းမှာအသင်းကတည်းကစ၍ ပါတီသို့တိုင် ရိုက်ခတ်ခဲ့သော ကိုယ်ထင်ရာစိုင်းတတ်ကြသည့် ကိုယ်ကျိုးရှာအတွင်းရေးမှူး တစ်ချို့ကြောင့်ပင်ဖြစ်ပါသည်။ အဆိုပါ ပုဂ္ဂိုလ် တို့မှာ တိုင်းတာဝန်ခံ၏ အားပေးမှု၊ သီးခြားလမ်းညွှန်မှုများကြောင့် ပို၍ မောက်မာလာခဲ့ပြီး ငွေကြေးအားဖြင့် သိန်းရာထောင်ချီ အလွဲသုံးစားမှုများ ဖြစ်လာသည့်အဆုံး တာဝန်မှ အနားပေးရသည်အထိ အသင်းအဖွဲ့ တစ်ခုနှင့်မလျော်စွာမှ ဖြစ်ပျက်ခဲ့ရပါတယ်။

မလိုသည်ကို ချုံ့ထွင်၍ နာမည်ကောင်းရဖို့၊ အမှန်တကယ်ပြုပြင်ရန်လိုအပ်သည်များကို မပြုပြင်ပဲ လူကိုအဆုံးမခံနိုင်၍ မူနှင့်ခြသေ့်ပုံရိပ်ကောင်းကို ဖျက်ဆီးခဲ့ကြပါသည်။ ပြည်သူထောင်နှင့်ချီ၍ ရှုံ့မုန်းခြင်း ကို အဆိုပါပုဂ္ဂိုလ်တို့က ဗဟိုမှလူကြီးများအား မြှောက်ပင့်ခြင်းဖြင့် သရုပ်ပြစိတ်ဓာတ်စစ်ဆင်ရေးကြီးများ တွင်တွင်ပြုလုပ်ခဲ့ကြပါသည်။ အသင်းကြီးအားကောင်းစဉ်က ဗဟိုအဆင့်လုပ်ငန်းများတွင် ပို့ချခဲ့ကြသော စိတ်ဓာတ်စစ်ဆင်ရေးနည်းဗျူဟာသည် ပြည်သူတို့ကို စည်းရုံးရေးဆင်းရာ၌ မကျင့်သုံးဘဲ ပြည်သူတို့နှင့် ဗဟိုကော်မတီကို လှည့်ဖျားရာ၌ ပြန်လည်၍ မသိမသာ အသုံးချခဲ့ကြပါသည်။ နာယကကြီး၏ မျှော်လင့် ချက်နှင့် ယုံကြည်မှုစေတနာတို့ကို တလွဲအသုံးချခဲ့ကြပါသည်။

ထုနှင့်ထည်နှင့် ကြီးမားသော အိမ်ခြေရာထောင်ချီသည့် ရပ်ရွာများ၌ အကောင်အထည်ဖော်ပေး ခဲ့သော အသင်းကြီး ဗဟိုအလုပ်အမှုဆောင် (တိုင်းတာဝန်ခံ) ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ၏ တစ်ချို့သော Project ကြီးများကို မလျော်ညြဇာသုံး၍ ကိုယ်ကျိုးရှာပြီး ဒေသခံများအားလုံး နစ်နာ

ခံစား ခဲ့ကြရသည်ကို ယနေ့တိုင် ဖုံးဖိထားနိုင်သော အဆိုပါပုဂ္ဂိုလ်များအား နယ်မြေလူထု၏ ရှုံ့မုန်းခြင်းသည် ပါတီ သို့ အရိပ်မည်းကျရောက်နေခဲ့ရပါသည်။ ထိုသို့သော ဖြစ်ရပ်များကြောင့် " ဘာလင်တံတိုင်း ပြိုလဲစဉ်" ကဲ့သို့ အတွင်းစည်းပေါက်ခဲ့ခြင်း၊ ညီညွတ်မှုပြိုကွဲခဲ့ခြင်း ၊ ထိုသို့သော ဖြစ်စဉ်ကြီးများကို အဆင့်ဆင့်ရေငုံ နှုတ်ပိတ်နေခဲ့ကြသည့် တာဝန်ရှိပုဂ္ဂိုလ်ကြီးများသည်လည်း ယနေ့တိုင် နိုင်ငံရေးခရီးဆက်နေကြသော် လည်း ဆုံတွေ့နေကြရသော ပြည်သူတို့နှင့်ဘာမျှမသိရှာကြသော ပါတီအကြီးအကဲများကို မျက်လုံးချင်း ပင် ရဲရဲဆုံဝံ့ကြမည် မဟုတ်ပါ။

ပြည်သူတို့နှင့် လောကမှဒဏ်ခတ်ခြင်း ပြစ်ဒဏ်သည် မသမာသူများအတွက်သာ ဖြစ်သင့်ပါသည်။ ပါတီနှင့် မသက်ဆိုင်သင့်ပါ။ မသမာသူများဆိုသည်မှာ " မင်း နားတစ်ထောင် " ဆိုသကဲ့သို့ ဥက္ကဋ္ဌကြီး တို့ကဲ့သို့သော အကြီးအကဲများအနေဖြင့် သိရှိနေမည်ဖြစ်ပါသည်။ ဥက္ကဋ္ဌကြီးအနေဖြင့် ယခုအခါ ပြုပြင် ပြောင်းလဲရေး ၊ တရားမျှတရေး ၊ ပါတီတွင်းဒီမိုကရေစီကို အမှန်တကယ် ပုံဖော်ပေးနိုင်မည့် ခေါင်းဆောင် ကြီးဟု ယုံကြည်၍ သာ ကိုယ်တွေ့ခံစားကြရသော ဝေဒါကြီးများက ဤပေးစာကို အားပေးနေခြင်း ဖြစ်ပါသည်။

ပါတီတွင်းဒီမိုကရေစီ အစစ်အမှန်ထွန်းကားပြီး ပါတီကြီး၌ လူကောင်း၊ လူရည်မွန်များ များပြားနေပါ က ပြည်သူတို့၏ ယုံကြည်မှုသည်လည်း ပိုမိုလာမည်ဖြစ်ပါသည်။ ပြည်ခိုင်ဖြိုးပါတီ သန့်ရှင်းစင်ကြယ်ရေး အတွက် တောင့်တင်းခိုင်မာသော အမျိုးသားနိုင်ငံရေး အင်အားစုကြီးသန့်ရှင်းရေးအတွက် ပါတီဝင်များ နှင့် ပြည်သူတို့အတွက် ဥက္ကဋ္ဌကြီးက အမှန်တရားကို ဖော်ထုတ်မည်ဟု အခိုင်အမာယုံကြည်ပါသည်။

**ဥက္ကဋ္ဌကြီးကို ယုံကြည်လေးစားသော**

**မောင်ရေစက်**

*